**(၂) ကျပ်ခိုးမှိုရောဂါ (Sooty mould)**

**ရောဂါဖြစ်စေသောသက်ရှိ- *Capnodium citri***

**ရောဂါလက္ခဏာများ**

အရွက်၏မျက်နှာပြင်နှစ်ဖက်စလုံးတွင်အမဲရောင်မှိုကွက်များ(သို့) အရွက်မျက်နှာ တစ်ပြင်လုံး အမဲရောင်ဖြစ်နေသည်။ အသီးပေါ်တွင်လည်း အမဲရောင်မှိုကွက်များကို တွေ့ရသည်။

.





**ကာကွယ်နှိမ်နင်းနည်းများ**

- လေဝင်လေထွက်ကောင်းရန် ဆောင်ရွက်ပါ။
- အခြားလက်ခံသီးနှံပင်များဖြစ်သည့်ပေါင်းမြက် များရှင်းလင်းပါ။
- ပျနှင့်ဖြုတ်မှ ထုတ်သောအချိုရည်များကြောင့် ကျပ်ခိုးမှိုများဖြစ်ပေါ်သဖြင့် ပျနှင့်ဖြုတ် ကျရောက်မှုမရှိစေရန်ဆောင်ရွက်ပါ။
- အခြားရောဂါများအတွက်မှိုသတ်ဆေးအသုံးပြုပက်ဖျန်းခြင်းသည် ဤရောဂါကိုလည်း နှိမ်နင်းနိုင်သည်။